The Suppression of Corruption (Amendment) Act 1951
(Act No XLV of 1951)

# ၁၉၅၁ ခုနှစ်၊ အဂတိလိုက်စားမှု တားမြစ်ရေး (ဒုတိယ ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၅။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ အဂတိလိုက်စားမှု တားမြစ်ရေး (ဒုတိယပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။၁၉၄၈ ခုနှစ်၊ အဂတိလိုက်စားမှု တားမြစ်ရေး အက်ဥပဒေပုဒ်မ ၄ နောက်တွင်၊အောက်ပါပြဋ္ဌာန်းချက်များကိုပုဒ်မ ၄-က အဖြစ်ထည့်သွင်းရမည်။

" ၄-က။ ။(၁) အထက်တန်း စုံစမ်းစစ်ဆေးရေး အရာရှိအောက် ရာထူးမနိမ့်သည့် အထူးစုံစမ်း စစ်ဆေးရေးဌာန ဆိုင်ရာ အရာရှိ တဦးဦး သည်၊ နိုင်ငံတော်သမ္မတက သတ်မှတ်သည့် အာဏာပိုင်၏သဘောတူညီချက်ကို ကြိုတင်ရယူ၍၊ပုဒ်မ ၄ အရ ပြစ်မှုတခုခုကျူးလွန်ခဲ့သည်ဟု၊ သို့တည်းမဟုတ် ကျူးလွန်နေသည်ဟု မိမိမသင်္ကာသည့်ပြည်သူ့ဝန်ထမ်းတဦးဦးကို၊ ဝရမ်းစာမပါဘဲ ဖမ်းဆီးနိုင်သည်။

(၂) မည်သည့် အရာရှိမဆို၊ ပုဒ်မခွဲ (၁) နှင့်အညီ လူတဦးတယောက်ကိုဖမ်းဆီးလျှင်၊ ထိုသို့ဖမ်းဆီးကြောင်းကို နိုင်ငံတော်သမ္မတထံ ချက်ခြင်းအစီရင်ခံရမည်။ ထို့ပြင် နိုင်ငံတော်သမ္မတ၏ အမိန့်ကို မရသေးမီအတောအတွင်း၊ ထိုအရာရှိသည် အမိန့်စာဖြင့် ထိုဖမ်းဆီးထားသူကို၊ နိုင်ငံတော်သမ္မတက သာမန်၊ သို့တည်းမဟုတ် အထူး အမိန့်ဖြင့် သီးခြား ဖေါ်ပြထားသည့် အချုပ်ခန်းတွင် ချုပ်ထားနိုင်သည်။

သို့ရာတွင်—

(က) မည်သူ့ကိုမျှ၊ နိုင်ငံတော်သမ္မတ၏ အမိန့်မရဘဲ ဤပုဒ်မခွဲအရ ဆယ့်ငါးရက်ထက်ပို၍ချုပ်မထားရ။

(ခ) မည်သူ့ကိုမျှ၊ ဤပုဒ်မခွဲအရ ခြောက်လထက်ပို၍ချုပ်မထားရ။

(၃) ပုဒ်မခွဲ (၁) အရ၊ ဖမ်းဆီးခံရသူ တဦးဦးအား အာမခံ ပေးမည်ဆိုလျှင်၊ ထိုသူကိုဖမ်းဆီးသည့်အရာရှိသည်၊ နိုင်ငံတော် သမ္မတကသော်၎င်း၊ နိုင်ငံတော် သမ္မတက ဤကိစ္စ အလို့ငှါ အာဏာအပ်နှင်းထားသူတဦးဦးကသော်၎င်း၊ အခါအားလျော်စွာထုတ်ဆင့်သည့် သာမန်၊ သို့တည်းမဟုတ် အထူးညွှန်ကြားချက်များနှင့် မဆန့်ကျင်စေဘဲ၊ နိုင်ငံတော်သမ္မတက အခါအားလျော်စွာသတ်မှတ်သည့် စည်းကမ်းချက်များ၊ သို့တည်းမဟုတ်

Price,—One Anna,]

ဆင့်ဆိုချက်များအတိုင်း လိုက်နာမည်ဟု ထိုသူက အာမခံသူများနှင့်ဖြစ်စေ၊ အာမခံသူမပါဘဲဖြစ်စေ ခံဝန်ချုပ် ချုပ်ဆိုသည့်အခါ၊ ထိုသူကိုလွှတ်နိုင်သည်။

(၄) ပုဒ်မခွဲ ( ၂ ) ပါ ပြဋ္ဌာန်းချက်များအရ တင်သွင်းသည့် အစီရင်ခံစာကို ရရှိသည့်အခါ၊ နိုင်ငံတော်သမတသည်၊ ဤပုဒ်မအရ ဖမ်းဆီးထားသူ တဦးဦးကို ချုပ်ထားရန်၊ လိုအပ် သည်ဟု ထင်မြင်သည့် အမိန့်များကို၊ ပုဒ်မခွဲ ( ၂ ) ဆိုင်ရာ ဒုတိယ ခြွင်းချက်နှင့် မဆန့်ကျင်စေဘဲ ချမှတ်နိုင်သည်။

(၅) ပုဒ်မခွဲ ( ၃ ) ပါ ပြဋ္ဌာန်းချက်များ အရ အာမခံကို လက်ခံလျှင်၊ ခံဝန်ချုပ်သည်၊ အဆိုပါအာမခံကိုလက်ခံရာနယ်တွင် စီရင်ပိုင်ခွင့်ရှိသည့် ခရိုင်ရာဇဝတ်တရားသူကြီးက၊ ရာဇဝတ်ကျင့်ထုံး ဥပဒေအရ လက်ခံသည် ခံဝန်ချုပ်ဖြစ်သည်ဟု မှတ်ယူရမည့်ပြင်၊ ထိုသို့ဖြစ်သည်အားလျော်စွာ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၄ ပါ ပြဋ္ဌာန်းချက်များသည်လည်း ထိုခံဝန်ချုပ်နှင့်သက်ဆိုင်ရမည်။''

G.U.B.C.P.O.—No. 40, Min. of J.A., 21-11-51—2,000—II.